# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး

# ၂၃ ရက်မြောက်နေ့ အစီအစဉ်

# [ ၇-၃-၂၀၁၄ ] (သောကြာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်တွင် အဖွဲ့ဝင်များ ထပ်မံထည့်သွင်းဖွဲ့စည်းကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးရဲထွန်း၊ သီပေါ မဲဆန္ဒနယ်၏ **မိုးကောင်း-ဖားကန့်လမ်းကို အဆင့်မြှင့် ပြုပြင်ရန်အတွက် ကျောက်မျက်ကုမ္ပဏီများကို လုပ်ငန်းရှင်များ၏ ဆန္ဒမပါဘဲ ရန်ပုံငွေထည့်ဝင်ရန် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် ဥပဒေနှင့်ညီညွတ်မှုရှိ/မရှိနှင့် ရန်ပုံငွေထည့်ဝင်လိုခြင်းမရှိသော ကုမ္ပဏီများကို မည်သည့် ဥပဒေအရ အရေးယူမည်ကို သိလိုသည်** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးဘိုနီ၊ ရမည်းသင်း မဲဆန္ဒနယ်၏ **ရမည်းသင်းမြို့နယ်၊ မြို့လု၊ ကမ္ဘ၊ ဝါးရုံတော ကျေးရွာအုပ်စုများရှိ လယ်မြေများအား သဲနုန်း ထိုးခြင်းမှ ကာကွယ်နိုင်ရန်အတွက် ဆည်တစ်ခု ဆောက်လုပ် ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးမောင်မောင်စိုး၊ သာကေတ မဲဆန္ဒနယ်၏ **သာကေတမြို့နယ်ရှိ မြင်တော်သာလမ်းအား အဆင့်မြှင့်တိုးချဲ့ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးအေးနိုင်၊ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်၏ **မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်ရှိ ရန်ပယ်ဆည်၏အထက် ရေဝေရေလဲ ဧရိယာတွင် ဧက (၉၀၀၀၀)ကျော်ခန့် ရှိခဲ့ရာ အငြင်းပွားနေသော စိုက်ပျိုးမြေများအတွက် တောင်သူလယ်သမားများသို့ ပုံစံ(၇) ထုတ်ပေးသွားရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးတင်ဌေးအောင်၊ ရေစကြို မဲဆန္ဒနယ်၏ **၂၀၁၂ လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများ၏ အကျိုးသက်ရောက်မှုကို တောင်သူ လယ်သမားများ အမှန်တကယ်ခံစားခွင့် မရရှိသေးပါက အဆင့်ဆင့် တာဝန်ရှိသူများမှ မှန်ကန်၊ မြန်ဆန်စွာ ဆောင်ရွက်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၇။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်း။

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေး ၂၃ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၄ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။